**Minutes of the Twelfth Annual General Meeting of uab bank Limited held on Monday, 4th July 2022, 9:00 a.m. at the Main Board Room, Level 23, uab Tower @ Times City, Kyun Taw Road, Yangon, Myanmar.**

**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ၊ (၄) ရက်နေ့၊ တနင်္လာနေ့၊ နံနက် (၉) နာရီ တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Times City ရှိ uab Tower ၏ ၂၃ လွှာ၊ ပင်မဘုတ်အစည်းအဝေးခန်းမ ၌ ကျင်းပပြုလုပ်ခဲ့သော ယူအေဘီဘဏ်လီမိတက်၏ တစ်ဆယ့်နှစ်ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတ်တမ်း**

| | | | |
|---|---|---|---|
| **Present** | : | **<u>Shareholders</u>** | |
| | | Capital Link Investment Company Limited, represented by Daw Nyein Sanda Kyaw<br>Future Growth Investment Company Limited, represented by Daw Yamone Phue | |
| | | **<u>အစုရှယ်ယာရှင်များ</u>** | |
| | | Capital Link Investment Company Limited ကိုယ်စားပြု ဒေါ်ငြိမ်းစန္ဒာကျော်<br>Future Growth Investment Company Limited ကိုယ်စားပြု ဒေါ်ယမုံဖူး | |
| | : | **<u>Board of Directors</u>** | **<u>ဒါရိုက်တာများ</u>** |
| | | U Nay Aye<br>(Chairman) | ဦးနေအေး<br>(ဥက္ကဋ္ဌ) |

| | |
|---|---|
| U Than Win Swe<br>(Non-Executive Director) | ဦးသန်းဝင်းဆွေ<br>(အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ) |
| U Thant Zin<br>(Non-Executive Director) | ဦးသန့်ဇင်<br>(အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ) |
| U Tint Thwin<br>(Independent Non-Executive Director) | ဦးတင့်သွင်<br>(အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ) |
| U Win Htein Min<br>(Independent Non-Executive Director) | ဦးဝင်းထိန်မင်း<br>(အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ) |
| Mr. Christopher Loh<br>(Managing Director and Chief Executive Officer) | Mr. Christopher Loh<br>(ဦးဆောင်ညွှန်ကြားရေးမှူး နှင့် အမှုဆောင်အရာရှိချုပ်) |

: **Attending** — **အစည်းအဝေးတက်ရောက်ကြသူများ**

| | |
|---|---|
| Daw Kyawt Kay Khaing<br>(Deputy Chief Executive Officer) | ဒေါ်ကျော့ကေခိုင်<br>(ဒုတိယအမှုဆောင်အရာရှိချုပ်) |
| Daw Kay Thwel Htun<br>(Secretariat) | ဒေါ်ကေသွယ်ထွန်း<br>(အတွင်းရေးမှူးရုံး) |
| U Myat Noe Aung<br>(V Advisory Limited) | ဦးမြတ်နိုးအောင်<br>(V Advisory Limited) |
| U Win Htut Aung<br>(V Advisory Limited) | ဦးဝင်းထွဋ်အောင်<br>(V Advisory Limited) |

၁။ ဥက္ကဋ္ဌ ဦးနေအေးက ယူအေဘီဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များကိုယ်စား ယူအေဘီဘဏ်လီမိတက် ၏ တစ်ဆယ့်နှစ်ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်လာသူများအား ကြိုဆိုနှုတ်ဆက်စကားပြောကြားပါသည်။ ဥက္ကဋ္ဌ က အစည်းအဝေးအထမြောက်ရန်အတွက် လိုအပ်သော လူဦးရေ ပြည့်မီကြောင်း အသိအမှတ်ပြုပါသည်။ ကိုဗစ်-၁၉ စည်းကမ်းချက်များ ဖြေလျှော့သတ်မှတ်လိုက်ပြီဖြစ်သဖြင့် ယခုနှစ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ကိုယ်တိုင် တက်ရောက်နိုင်ရန် ကျင်းပခဲ့ကြောင်းပြောကြားပါသည်။ တက်ရောက်လာသော အစုရှယ်ယာရှင်များ နှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မှတ်တမ်းပြုထားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ အစုရှယ်ယာရှင်များမှ တစ်ဆယ့်တစ်ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အစည်းအဝေး မှတ်တမ်းကို အတည်ပြုခဲ့ကြပါသည်။

1. U Nay Aye, the Chairman, on behalf of the Board of Directors, welcomed members to the Twelfth Annual General Meeting of the uab bank Limited. He noted that the requisite quorum was satisfied for the conduct of the meeting. Chairman said that the condition of COVID-19 restrictions have been released and the meeting was arranged properly attending in person. The attendance would list and note the presence of shareholders and Board members. Shareholders unanimously confirmed the Minutes of the Eleventh Annual General Meeting.

၂။ ဥက္ကဋ္ဌ မှ ဘဏ်၏ သင်းဖွဲ့စည်းမျဉ်းတွင် သတ်မှတ်ထားသည့်အတိုင်း ဦးရေပြည့်မီသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း ကြေညာခဲ့ပါသည်။

2. The Chairman declared the Annual General Meeting to be opened because a quorum as defined by the Bank's Constitution was present.

## အစည်းအဝေးအထမြောက်ခြင်း

**Notice convening the Meeting**

၃။ ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာသော အစုရှယ်ယာရှင်များနှင့် ၎င်းတို့၏ တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်များသည် အစည်းအဝေး ဆုံးဖြတ်ချက်များအားလုံးကို လက်မြှောက်ပြီး မဲခွဲဆုံးဖြတ်နိုင်ကြောင်း ကြေညာခဲ့ပါသည်။ ဥက္ကဋ္ဌသည် လက်ခံရရှိသည့် ကိုယ်စားလှယ်လွှဲအပ်စာများတွင် ဖော်ပြထားသည့် တရားဝင်ညွှန်ကြားချက်အရ မဲပေးရန်အတွက် ကိုယ်စားလှယ်အဖြစ် ခန့်အပ်မှုကိုလည်း လက်ခံခဲ့ပါသည်။

3. The Chairman announced that Shareholders and their duly appointed proxies who attend the Meeting would be able to vote on all the resolutions by raising their hands. The Chairman also accepted the appointment as a proxy to vote under the valid instructions stated on the proxy forms received.

၄။ ဥက္ကဋ္ဌ သည် အဆိုပြုရန်လိုအပ်သည့် သာမာန်အစည်းအဝေးဆုံးဖြတ်ချက်(၄)ရပ်လုံးကို အဆိုပြုပြီး မေးခွန်းများရှိပါက အစည်းအဝေး မတိုင်မီ မေးခွန်းများကို တင်ပြရန် ဖိတ်ကြားခဲ့ပါသည်။

4. The Chairman proposed all (4) ordinary resolutions tabled and Members were invited to deliver their questions before the Meeting.

၅။ ထို့နောက် ဥက္ကဋ္ဌသည် ကျယ်ပြန့်သောအမြင်နှင့် စီးပွားရေး နည်းဗျူဟာဆိုင်ရာ ကောက်ချက်ချမှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

5. The Chairman afterward elaborates his inferences of the macroeconomic and tactical environment as a part:

- ၂၀၂၁ ခုနှစ်တွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ကိုဗစ်-၁၉ ကူးစက်မှု တတိယလှိုင်း လျင်မြန်စွာ မြင့်တက်လာခြင်းသည် ကပ်ရောဂါကြောင့် ရုန်းကန်နေရသော မြန်မာ့စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။ ငွေဖြစ်လွယ်မှုခက်ခဲလာခြင်း နှင့် ဘဏ်လုပ်ငန်းကဏ္ဍခက်ခဲမှုများသည် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် အနှောင့်အယှက်များအဖြစ် ရှိနေခဲ့ပါသည်။ ငွေဖြစ်လွယ်မှုကိုခက်ခဲစေကာ စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ခြင်းသည် လူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ပိုမိုစိန်ခေါ်မှုဖြစ်လာပါသည်။ ဘဏ်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများကိုလည်းကန့်သတ်ခြင်းခံခဲ့ရပါသည်။ ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာခြင်းစာတမ်း - ၂၀၂၂ တွင်ဖော်ပြထားသည်မှာ ၂၀၂၁ ခုနှစ် ဇွန်လ အထိ ၅ လတာကာလအတွင်း ပို့ကုန်တင်ပို့မှုသည် ၂၀၂၀ ခုနှစ် ထက် ၁၈ရာခိုင်နှုန်း လျော့ကျခဲ့ပြီး သွင်းကုန် ၂၆ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ဇူလိုင်လလယ်တွင် ဖော်ပြထားပါသည်။ ဇန်နဝါရီလကုန်မှစတင်၍ ကျပ်ငွေရည်ညွှန်းနှုန်းသည် အမေရိကန်ဒေါ်လာနှင့်ပတ်သက်ပြီး ၂၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။ ထိုအချိန်တွင် စီးပွားရေး တိုးတက်မှု သိသိသာသာ ကျဆင်းခဲ့ပါသည်။

  In 2021, ongoing political turmoil and a rapidly rising third wave of COVID-19 cases are severely impacting Myanmar's economy which was already struggling due to the pandemic. There are liquidity shortages and banking sector disruptions in businesses' ability to operate. It becomes more challenging for people and businesses to constrain economic activity leading to a shortage of liquidity. Access to banking services is limited. World Bank mentions in the Myanmar Economic Monitor – 2022, in the 5 months leading up to and including June 2021, exports were 18% lower than they were during the same period in 2020, while imports were 26% lower as of mid-July. Since the end of January, the kyat reference rate has also declined by about 23% concerning the US dollar. The economic growth declined sharply during that time.

- ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးထိုးလှုပ်ရှားမှုများကို အကောင်အထည်ဖော်ခြင်းဖြင့် ၂၀၂၂ ခုနှစ်သည် အပြုသဘောဆောင်သော အစပြုမှုကို ဖြတ်ကျော်ခဲ့ပါသည်။ မကြာသေးမီလများအတွင်း အချိန်နှင့်တစ်ပြေးညီ အညွှန်းကိန်းအချို့ တိုးတက်လာခဲ့သော်လည်း မြန်မာ့စီးပွားရေးသည် ပြင်းထန်စွာ စမ်းသပ်ခံနေရဆဲဖြစ်ပါသည်။ ဒယ်တာမိုင်းရပ်စ် ၏ပျံ့နှံ့မှုနှင့် နောက်ပိုင်းတွင် ကူးစက်မြန် အိုမီခရွန်မိုင်းရပ်စ်သည် ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်ကွန်ရက်၏ စွမ်းရည်ကို ဟန့်တားခဲ့ပြီး ကုန်ကျစရိတ်များ မြင့်တက်လာကာ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေပါသည်။ ငွေဖြစ်လွယ်မှု၊ ကြွေးမြီပြန်လည်ရရှိမှုနှင့် နိုင်ငံခြားသုံးငွေ ရရှိရေးတို့အပေါ် အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။ သွင်းကုန်စျေးနှုန်းများ သိသိသာသာ မြင့်တက်လာခဲ့ပြီး စက်သုံးဆီစျေးများမှာလည်း အံ့အားသင့်ဖွယ် မြင့်တက်ခဲ့ပါသည်။

  With the implementation of COVID-19 immunisation campaigns, 2022 got through to a positive start. Even though some real-time indicators have improved in recent months, Myanmar's economy remains severely tested. The spread of the Delta variant, and later the more contagious Omicron variant, hampered the ability of the production and supply chain network to meet rising demand, resulting in rising costs and higher inflation. Access to kyat liquidity, credit, and the foreign currency remains severely constrained. Imported goods prices have risen significantly, and fuel prices have risen shockingly.

- ကန့်သတ်ချက်များရှိနေသော်လည်း၊ မကြာသေးမီက စီးပွားရေးတည်ငြိမ်မှုလက္ခဏာများ တွေ့မြင်ရပါသည်။ အညွှန်းကိန်းများအရ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်တင်ပို့မှုမှာ ယခင်လများထက် တိုးမြင့်လာခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအချို့ ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း နယ်စပ်ကုန်သွယ်ရေးမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း နှစ်ရပ်လုံးသည် အနည်းငယ်မျှ တိုးလာခဲ့ပါသည်။ ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာခြင်းစာတမ်း- ၂၀၂၂ အရ ၂၀၂၁ ဘဏ္ဍာနှစ် (စက်တင်ဘာလကုန်) တွင် ခန့်မှန်းခြေအားဖြင့် မြန်မာ့စီးပွားရေးသည် ၁၈ ရာခိုင်နှုန်းခန့်ကျုံ့သွားကာ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်တွင် ၁ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားပါသည်။

  Despite these constraints, recent signs of economic stabilization have emerged. Mobility is ranging from pre levels. Agriculture and manufacturing exports have both increased over the previous months. Some border crossings with China have reopened, but cross-border trade remains limited. Foreign direct investment (FDI) commitments and company registrations have both increased modestly. According to the Myanmar Economic Monitor: Contending with Constraints 2022 by World Bank Group, the estimated 18 percent contraction in FY 2021 (year ended September), Gross Domestic Product (GDP) is projected to increase by 1 percent in the year ended September 2022.

- ပြောင်းလဲလာမှုများသည် ဘဏ်လုပ်ငန်းကဏ္ဍအတွက် အကြီးမားဆုံးစိန်ခေါ်မှုများနှင့် ကြီးထွားလာသောပြိုင်ဆိုင်မှုအခင်းအကျင်းကို ပံ့ပိုးပေးပါသည်။ ခြုံငုံသုံးသပ်ရသော် ယူအေဘီဘဏ်လီမိတက်သည် အပြုသဘောဆောင်သော အနာဂတ်ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပတ်ဝန်းကျင်မှ တင်ပြလာသော စိန်ခေါ်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်နိုင်မှုတွင် ပညာရှင်ပီသကြောင်း အလေးပေးပြောကြားခဲ့သည်။ ယူအေဘီဘဏ်လီမိတက်သည်

ခိုင်မာသောအရင်းအနှီးအခြေခံ၊ တည်ငြိမ်သောရန်ပုံငွေနှင့် ငွေဖြစ်လွယ်မှု၊ ဒစ်ဂျစ်တယ်နည်းပညာတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများရှိပါက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသွင်ကူးပြောင်းမှုနှင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှ ပေးအပ်သည့် အခွင့်အလမ်းများကို အခွင့်ကောင်းယူရန် ယူအေဘီဘဏ်လီမိတက်သည် ရေရှည်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အချိန်နှင့်အမျှ အဆင်သင့်ဖြစ်နေမည်ဖြစ်ပါသည်။

These changes provided the banking sector with the largest challenges to overcome as well as a growing competitive landscape. Overall, uab bank Limited emphasised that it was professional in its ability to sustain the challenges presented by a positive future global economic and financial environment. The uab bank Limited would be ready to carry out long-term goals to take advantage of opportunities presented by the transformation and rapid growth of the emerging economies if it had a strong capital base, stable funding and liquidity positions, and significant investments in digital technology and talent over time.

- ယူအေဘီဘဏ်လီမိတက်သည် ၎င်း၏ဘဏ်ခွဲအများအပြားနှင့်အတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာကာ ဘဏ်ဝန်ဆောင်မှုအသုံးပြုသူများ၊ ဝန်ထမ်းများနှင့် လူမှုအသိုင်းအဝိုင်းများကို ထိတွေ့ဆက်ဆံနိုင်ရန် ရေရှည်တည်တံ့သော စွမ်းဆောင်ရည်ကို မြှင့်တင်ခဲ့ပါသည်။ ထို့အပြင် ယူအေဘီဘဏ်လီမိတက်သည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခဲ့ပြီး ၎င်း၏ရေရှည်တည်တံ့ခိုင်မြဲမှုဗျူဟာကို ချဲ့ထွင်ကာ ဗျူဟာမြောက်သော ဦးတည်ချက်အား ဆက်လက်ထိန်းသိမ်းထားရှိပါသည်။

  The uab bank Limited developed momentum throughout its many branches at that time, produced resilient and sustainable performance, and raised the bar to engage consumers, employees, and communities. Additionally, the uab bank Limited has accelerated its digital transformation, expanded its sustainability strategy, and retained its strategic orientation.

## ငွေစာရင်းဆိုင်ရာအချက်အလက်များ

## Financial Performance

၆။ ယူအေဘီဘဏ်လီမိတက် ၏ Head of Finance ဖြစ်သူ Ms. Leong Yang Yang မှ ဘဏ်၏ ၂၀၂၁ ခုနှစ်အတွက် ငွေစာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ပြီး ဥက္ကဋ္ဌ နှင့် တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

6. Ms. Leong Yang Yang, Head of Finance presented uab bank Limited’s 2021 financial performance and thanked the Chairman and welcomed the Members.

**<u>စီးပွားရေးလုပ်ငန်းအလားအလာ</u>**

**<u>Business Outlook</u>**

၇။ ဥက္ကဋ္ဌက ရေရှည်တည်တံ့သောငွေကြေးထောက်ပံ့မှုတွင် ဦးဆောင်ဘဏ်တစ်ခုအဖြစ် သုံးစွဲသူများနှင့် ပတ်သက်ဆက်နွယ်သူများနှင့်အတူ ရေရှည်တည်တံ့သော အသွင်ကူးပြောင်းမှုကို ဖော်ဆောင်ရန် ယူအေဘီဘဏ်လီမိတက်မှ ကတိပြုထားကြောင်း ပြောကြားခဲ့သည်။ ၂၀၂၂ ခုနှစ်အတွက် အဓိကပန်းတိုင်များမှာ အထူးသဖြင့် လက်လီဘဏ်လုပ်ငန်း နှင့် အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်း ဈေးကွက်များသို့ ချဲ့ထွင်ရန် ၊ ကွဲပြားသောရန်ပုံငွေရင်းမြစ်များကို ရှာဖွေရန်၊ ဆုံးရှုံးနိုင်ခြေကို လက်ခံနိုင်သည့်အတိုင်းအတာအတွင်း ချေးငွေအစုများကိုချဲ့ထွင်ရန်၊ ပိုင်ဆိုင်မှုများကိုစီမံခန့်ခွဲရန် နှင့် အရင်းအနှီးနှင့်ငွေဖြစ်လွယ်မှုအဆင့်ကိုထိန်းသိမ်းရန် စသည်ဖြင့် ကဏ္ဍများအားလုံးတွင် ဝင်ငွေတိုးရန်ဖြစ်ပါသည်။

7. The Chairman stated that uab bank Limited was committed to advancing sustainable transition with customers and other stakeholders as a leading bank in sustainable financing. The main goals for 2022 are to increase revenue across all segments, particularly by expanding into the retail and SME markets, to find more affordable and diversified funding sources, to expand our loan portfolio within our risk tolerance, to actively manage our asset quality, and to maintain a healthy level of capital and liquidity.

- တာဝန်ယူမှုရှိသည့်ဘဏ်လုပ်ငန်း နှင့် ဘဏ်၏ရေရှည်စွမ်းဆောင်ရည်သည် ၎င်း၏ကော်ပိုရိတ်အလေ့အထများကို ကတိပြုထားကြောင်း အသိအမှတ်ပြုပါသည်။ ဈေးကွက်များနှင့် လူမှုအသိုင်းအဝိုင်းများတွင် ထိတွေ့ဆက်ဆံရန်လိုအပ်သော စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပြဿနာများဖြစ်သည့် လူ့အခွင့်အရေး နှင့် ရာသီဥတုပြောင်းလဲမှုတို့သည် မရှိမဖြစ်လိုအပ်ပါသည်။

  Responsible banking and recognises that the Bank's long-term performance focuses on its corporate practices are committed. In the markets and communities which needed to be engaged, economic, environmental, and social issues, such as human rights and climate change, were essential.

- ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ နှင့် ထောက်ပံ့ရေးကွင်းဆက်များကို ထိရောက်စွာစီမံခန့်ခွဲရန်၊ နှင့် မတူညီသော ပတ်သက်ဆက်နွယ်သူအသီးသီး၏မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် စီးပွားဖြစ်အလားအလာများကိုရှာဖွေရန် စသည်ဖြင့် ၎င်းတို့ကို လုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

  To seek commercial prospects by developing products and services, managing operations and supply chain effectively, satisfying the expectations of different stakeholders, and pursuing such considerations, they are being incorporated into the activities.

- UN Global Compact၊ United Nations Guiding Principles on Business and Human Rights၊ UNEP ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများမှ ကတိကဝတ်ပြုချက်၊ Equator Principles နှင့် အခြားသက်ဆိုင်သည့် စံနှုန်းများ ပေါ်ထွက်လာသည်နှင့်အမျှ ၎င်းတို့သည် မျှော်မှန်းချက်များနှင့် မီးမောင်းထိုးပြထားသည့် အခြေခံမူများကို တည်တံ့စေရန်အတွက် အားစိုက်ထုတ်ထားပါသည်။ ဤစံနှုန်းများသည် လုပ်ငန်းလည်ပတ်မှုနှင့် ဝန်ဆောင်မှုများနှင့် သက်ဆိုင်ပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းမှာ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

  The UN Global Compact, United Nations Guiding Principles on Business and Human Rights, UNEP Statement of Commitment by Financial Institutions on Sustainable Development, Equator Principles, and other applicable standards as they emerged were devoted to sustaining the expectations and principles highlighted. These standards apply to business operations and services. Also, the priority is empowering the UN Sustainable Development Goals to develop.

၈။ မေးခွန်းများ တင်ပြလာခြင်းမရှိသဖြင့် ဥက္ကဋ္ဌက အစည်းအဝေးတွင်သာမန်အစည်းအဝေးဆုံးဖြတ်ချက်များအား မိတ်ဆက်ရှင်းလင်းတင်ပြပါသည်။

- သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၁) – ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးကာလ အတွက် စာရင်းစစ်အစီရင်ခံစာများ၊ ဒါရိုက်တာများ၏ကြေညာချက်များ နှင့် ဘဏ္ဍာရေးရှင်းတမ်းများ အားအတည်ပြုခြင်း။
- သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၂) – ဒါရိုက်တာအဖွဲ့ဝင်များရွေးချယ်တင်မြှောက်ခြင်းကိုအတည်ပြုခြင်း။
- သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၃) – Messrs. V Advisory Limited မှ ဦးမြတ်နိုးအောင်အား ယူအေဘီဘဏ်လီမိတက်၏ ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း။
- သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၄) – စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို အတည်ပြုခြင်း။

8. There were no rising question and the Chairman proceeded to introduce and explain the resolution tabled at the Meeting:

- Resolution (1) – related to approval of Audited Financial Statements, Directors' Statements, Auditors' Reports for the Financial Year ended 30th September 2021, and Financial Period ended 31st March 2022.
- Resolution (2) – related to approval of the Appointment of the Board of Directors.
- Resolution (3) – related to approval of the Appointment of U Myat Noe Aung from Messrs. V Advisory Limited as External Auditor.
- Resolution (4) – related to approval of the Appointment of the Audit Committee.

၉။ ဆန္ဒမဲရလဒ်အပေါ်အခြေခံ၍ အောက်ပါဆုံးဖြတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

9. Based on the result of the voting, the following Resolutions were declared:

**သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၁) – ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးကာလ အတွက် စာရင်းစစ်အစီရင်ခံစာများ၊ ဒါရိုက်တာများ၏ ကြေညာချက် နှင့် ဘဏ္ဍာရေးရှင်းတမ်း များအား အတည်ပြုခြင်း။**

ပထမဆုံးအစည်းအဝေးဆုံးဖြတ်ချက်(၁)အရ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးကာလ အတွက် စာရင်းစစ်အစီရင်ခံစာများ၊ ဒါရိုက်တာများ၏ ကြေညာချက် နှင့် ဘဏ္ဍာရေးရှင်းတမ်း များအား အတည်ပြုရန် ဖြစ်ပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်အား အစုရှယ်ယာရှင်များက တညီတညွတ်တည်း အတည်ပြုခဲ့ပြီး ဥက္ကဋ္ဌမှ သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၁) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

**အစည်းအဝေးဆုံးဖြတ်ချက်။** ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့တွင် ကုန်ဆုံးခဲ့သောဘဏ္ဍာရေးကာလ အတွက် စာရင်းစစ်အစီရင်ခံစာများ၊ ဒါရိုက်တာများ၏ ကြေညာချက် နှင့် ဘဏ္ဍာရေးရှင်းတမ်း များအား အတည်ပြုပါသည်။

**ORDINARY RESOLUTION (1) – APPROVAL OF AUDITED FINANCIAL STATEMENTS, DIRECTORS' STATEMENTS, AUDITORS' REPORTS FOR THE FINANCIAL YEAR ENDED 30TH SEPTEMBER 2021 AND THE FINANCIAL PERIOD ENDED 31ST MARCH 2022**

The first resolution on the agenda was to adopt the Audited Financial Statements, Directors' Statements, Auditors' Reports for the Financial Year Ended 30th September 2021 and the Financial Period Ended 31st March 2022. The resolution was unanimously approved by both Shareholders and the Chairman declared Resolution (1) carried.

**RESOLVED THAT** Audited Financial Statements, Directors' Statements, Auditors' Reports for the financial year ended 30th September 2021 and the Financial Period ended 31st March 2022 be adopted.

**သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၂) – ဒါရိုက်တာအဖွဲ့ဝင်များရွေးချယ်တင်မြှောက်ခြင်းကိုအတည်ပြုခြင်း။**

သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၂) မှာ ဘဏ်၏သင်းဖွဲ့စည်းမျဉ်း အပိုဒ် ၉၉ အရ တည်ဆဲဒါရိုက်တာအဖွဲ့ဝင်များအား ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း နှင့် ဒါရိုက်တာအသစ်များခန့်အပ်ခြင်းများနှင့်စပ်လျဉ်း၍

အောက်ပါ ဒါရိုက်တာများကို ပြန်လည်ရွေးကောက်တင်မြှောက်ရန် အတည်ပြုဆုံးဖြတ်ကြပါသည်။

၁။ ဦးသန့်ဇင်
၂။ Mr. Christopher Loh

ဒါရိုက်တာအဖွဲ့ဝင်အသစ်များအဖြစ် အောက်ပါပုဂ္ဂိုလ်များကို ခန့်အပ်ခဲ့ပါသည်။

၁။ ဦးနေအေး
၂။ ဦးတင့်သွင်
၃။ ဦးဝင်းထိန်မင်း

အစုရှယ်ယာရှင်နှစ်ဦး နှင့် ဒါရိုက်တာအဖွဲ့ဝင်များအားလုံးက ၄င်းဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ကြပါသည်။ ဥက္ကဋ္ဌ မှ သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၂) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

**အစည်းအဝေးဆုံးဖြတ်ချက်။** အစုရှယ်ယာရှင်များသည် အောက်ပါအတိုင်း အသစ်ပြန်လည်ဖွဲ့စည်းထားသော ဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုခဲ့ပါသည်-

ဒါရိုက်တာအဖွဲ့ဝင်များမှာ -

၁။ ဦးနေအေး
၂။ ဦးသန့်ဇင်
၃။ ဦးတင့်သွင်
၄။ ဦးဝင်းထိန်မင်း
၅။ Mr. Christopher Loh

ဒါရိုက်တာများအတွက်ပေးအပ်သော အခကြေးငွေအား သတ်မှတ်ရန် ဒါရိုက်တာအဖွဲ့ဝင်များတွင် အခွင့်အာဏာရှိသည်။

**ORDINARY RESOLUTION (2) – APPROVAL OF THE APPOINTMENT OF BOARD OF DIRECTORS**

Resolution (2) related to the re-election of existing members of the Board of Directors. Under the article 99 of Bank's Constitution, the following directors were re-elected.

(i) U Thant Zin

(ii) Mr. Christopher Loh

The following persons were elected as new Board Members.

(i) U Nay Aye

(ii) U Tint Thwin

(iii) U Win Htein Min

All the shareholders approved the appointment of new Board of Directors. The Chairman declared Resolution 2 carried.

**RESOLVED THAT** the shareholders noted the re-composition of Board of Directors as per following:

The members of the Board of Directors are:

(i) U Nay Aye

(ii) U Thant Zin

(iii) U Tint Thwin

(iv) U Win Htein Min

(v) Mr. Christopher Loh

The Board of Directors is authorized to fix the fees for Directors.

**သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၃) – Messrs. V Advisory Limited မှ ဦးမြတ်နိုးအောင်အား ယူအေဘီဘဏ်လီမိတက်၏ ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း။**

သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၃) သည် Messrs. V Advisory Limited မှ ဦးမြတ်နိုးအောင်အား ဘဏ်၏ပြင်ပစာရင်းစစ်အဖြစ် ပြန်လည်ခန့်အပ်ခြင်းကို အတည်ပြုရန်ဖြစ်ပါသည်။ အစုရှယ်ယာရှင်နှစ်ဦးသည် ဒါရိုက်တာအဖွဲ့ဝင်နှင့် စာရင်းစစ်ကော်မတီ၏ထောက်ခံချက်ကို အတည်ပြုလက်ခံခဲ့ပြီး အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ကြပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်အား အစုရှယ်ယာရှင်များက တညီတညွတ်တည်း အတည်ပြုခဲ့ပြီး ဥက္ကဋ္ဌ မှ သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၃) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။ ခန့်အပ်သောစာရင်းစစ်၏ အခကြေးငွေအား သတ်မှတ်ရန် ဒါရိုက်တာအဖွဲ့ဝင်များတွင် အခွင့်အာဏာ ရှိသည်။

**အစည်းအဝေးဆုံးဖြတ်ချက်။** ဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် Messrs. V Advisory Limited မှ ဦးမြတ်နိုးအောင်အား ပြန်လည်ခန့်အပ်ရန်အတည်ပြုပါသည်။

**ORDINARY RESOLUTION (3) – APPROVAL OF THE APPOINTMENT OF U MYAT NOE AUNG FROM MESSRS. V ADVISORY LIMITD AS EXTERNAL AUDITOR**

Resolution 3 related to the re-appointment of U Myat Noe Aung form V Advisory Limited as external auditor of the Bank. The shareholders noted the recommendation of the Board and Audit Committee for the appointment of auditor. The shareholders unanimously approved the Resolution and the Chairman declared Resolution (3) carried. The Board of Directors is further authorised to fix the fees to the auditor.

**RESOLVED THAT** U Myat Noe Aung from V-Advisory Limited has been re-appointed as external auditor of the Bank.

**သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၄) – စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို အတည်ပြုခြင်း။**

သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၄) မှာ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါပြဋ္ဌာန်းချက်အရ စာရင်းစစ် အဖွဲ့ဝင်ကော်မတီများ ၏ သက်တမ်းအား (၄) နှစ်ဆက်တိုက် ခန့်အပ်နိုင်ကြောင်းကို သိရှိရပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်အား အစုရှယ်ယာရှင်များက တညီတညွတ်တည်း အတည်ပြုခဲ့ပြီး ဥက္ကဋ္ဌ မှ သာမန်အစည်းအဝေး ဆုံးဖြတ်ချက် (၄) ပြီးမြောက်ကြောင်း ကြေညာခဲ့ ပါသည်။

၁။ ဦးနေအေး

၂။ ဦးတင့်သွင်

၃။ ဦးဝင်းထိန်မင်း

**အစည်းအဝေးဆုံးဖြတ်ချက်။** ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အညီ စာရင်းစစ်ကော်မတီအား (၄) နှစ် တာဝန်ထမ်းဆောင်ရန်ခန့်အပ်ထားခြင်းနှင့် ဦးနေအေး၊ ဦးတင့်သွင် နှင့် ဦးဝင်းထိန်မင်း တို့အား စာရင်းစစ်ကော်မတီအဖွဲ့ဝင်များအဖြစ် ခန့်အပ်ခြင်းကို အတည်ပြုပါသည်။

**ORDINARY RESOLUTION (4) - APPROVAL OF THE APPOINTMENT OF AUDIT COMMITTEE MEMBERS**

Resolution (4) related to the appointment of audited committee and the shareholders approved the appointment of the Audit Committee members and the terms of office under Financial Institution Law 2016 for four years. The shareholders unanimously approved the Resolution and the Chairman declared Resolution (4) carried.

i. U Nay Aye
ii. U Tint Thwin
iii. U Win Htein Min

**RESOLVED THAT** the term of Audit Committee remains valid in accordance with Financial Institution Law and U Nay Aye, U Tint Thwin and U Win Htein Min be appointed as the members of Audit Committee.

၁၀။ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုများခွဲဝေခြင်းမပြုရန်ဆုံးဖြတ်ချက် နှင့် အကျိုးအမြတ်များကို လုပ်ငန်းတိုးတက်ကောင်းမွန်ရန်အတွက်ဆက်လက်ထိန်းသိမ်းထားရှိရန် ဆွေးနွေးချက်များကို အစုရှယ်ယာရှင်များက သဘောတူလက်ခံခဲ့သည်။

10. The shareholders noted that Dividends will not be declared for the Financial Year and that all profits will be retained for the development of the business.

၁၁။ အခြားအကြောင်းအရာများဆွေးနွေးရန်မရှိသောကြောင့် ဥက္ကဋ္ဌ မှ တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး နေ့လယ် (၁၂) နာရီ တွင် အစည်းအဝေးပိတ်သိမ်းကြောင်း ကြေညာခဲ့ပါသည်။

11. The Chairman said that all businesses of the Annual General Meeting had been concluded and declared that the Meeting closed at 12:00 p.m. and thanked everyone for their attendance.

| | |
|---|---|
| **Recorded by** | **Approved as a correct record** |
| **Kay Thwel Htun** | **U Nay Aye** |
| Legal & Secretariat | Chairman |